# အကျဉ်းချုပ်

South Philadelphia (တောင် ဖီလာဒယ်ဖီးယား) အထက်တန်းကျောင်းတွင် အာရှတိုက်မှလာသောကျောင်းသားများကို ဆန့်ကျင်လျက်ဖြစ်ပွားသော အကြမ်းဖက်ဖြစ်ရပ်များ ပြီးနောက် ဇန်နဝါရီလ 2010 ခုနှစ်တွင် လူသားချင်းဆိုင်ရာ ဖီလာဒယ်ဖီးယားကော်မရှင် (Philadelphia Commission on Human Relations, PCHR) သည် နှစ်လုံးပေါက် ရှည်ကြာသော အများပြည်သူဆိုင်ရာ ကြားနာခြင်း 11 ခုကို စတင်ခဲ့သည်။ ထိုအရာသည် လူမျိုး၊ အသားအရောင်၊ လိင်၊ လိင်ဆိုင်ရာ အလေးပေးမှု၊ ယေဘုယျ၊ မိန်းမ ကိုယ်ပိုင်လက္ခဏာ၊ ဘာသာရေး၊ နိုင်ငံသား၊ ဇာတိမြစ်၊ မျိုးရိုး၊ အသက်၊ မသန်စွမ်းဖြစ်ခြင်း၊ အိမ်ထောင်ရေး အခြေအနေ သို့မဟုတ် ဝင်ငွေရလမ်းတို့ အပေါ်တွင် အခြေခံသော ခွဲခြားခြင်း၊ အငြင်းပွားမှုများကို ရင်ဆိုင်ဖြေရှင်းရန်ဟူသော ကျွန်ုပ်တို့၏ ထူးခြားသော လုပ်ပိုင်ခွင့်၏ အစိတ်အပိုင်းဖြစ်သည်။ ရည် မှန်းချက်မှာ မိဘများ၊ ဆရာများ၊ ကျောင်းသားများ၊ ကျောင်းအုပ်ကြီးများနှင့် အခြားလူမှုအဖွဲ့အစည်း၊ အဖွဲ့ဝင်များ၏ ဖီလာဒယ်ဖီးယား အများဆိုင် ကျောင်း၊ များတွင် ဖြစ်ပွားသော အုပ်စုအချင်းချင်း၊ ပဋိပက္ခများဆိုင်ရာ ၎င်းတို့၏အတွေ့အကြုံများနှင့် ပတ်သက်ပြီး၊ တိုက်ရိုက်စကားများ ကို နားထောင်လိုခြင်း ဖြစ် သည်။ ကော်မရှင်၏ အုပ်စု အချင်းချင်း၊ တိုက်ပွဲများအပေါ်နားလည်မှုသည် တရားမျှတခြင်း၊ လေးစားမှုမရှိခြင်းနှင့် ဒေါသကြီးသောအပြုအမူတို့၏ ကျယ် ပြန့် သော ပဓာနသည် စိတ်ပိုင်း၊ ဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ နာကျင်မှုတို့ကို ဖြစ်ပွားစေပြီး၊ ကျောင်းသား၏ စာသင်ကြားနိုင်စွမ်းကို ဆိုးရွားစွာ ထိခိုက်စေ နိုင်သည် ဟု ဖြစ်သည်။ မျက်မြင် သက်သေပေါင်း တစ်ရာသုံးဆယ်သည် သူတို့၏ သဘောထားထင်မြင်ချက်များကို ဖျှဝေရန် ထွက်ပေါ်လာခဲ့ပြီး၊ ကော်မရှင် သည် တပြင့်ရေးသားထားသော ကြေငြာချက် 40 ကို နောက်ထပ် လက်ခံရရှိခဲ့သည်။ ကျွန်ုပ်တို့ ထိုတာဝန်တွင် ပါဝင်ခဲ့ခြင်းမှာ စာသင်ကြားသည့် ကျောင်း၊ သား များ အမျိုးအစားကွဲများနှင့် ပတ်သက်မှုရှိခြင်းမှာ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အရေးပါသော အချက်တစ်ခုသာမကဘဲ စိတ်ဓာတ်ပိုင်းဆိုင်ရာ အသိ တရားတစ်ခုလည်း ဖြစ်သောကြောင့် ဖြစ်သည်။

ကြားနာခြင်းတွင် သက်သေခံထွက်ဆိုသူများမှ ခိုင်မာသောထင်မြင်ယူဆချက်များကို ဖော်ထုတ်ကြသည်။ အုပ်စုအချင်းချင်းတိုက်ပွဲများသည် ဖီလာဒယ်ဖီးယား ကျောင်း၊ ဒိစတြိတ် (School District of Philadelphia) တွင်ဖြစ်ပွားသည့် စနစ်တကျဖြစ်ပွားသော ပြဿနာတစ်ရပ်ဖြစ်ပြီး၊ ၎င်းသည် စနစ်ကျသော အဖြေတစ်ရပ်လိုအပ်သည်ကို ကော်မရှင်မှ သိရှိ ခဲ့သည်။ နှုတ်အားဖြင့် နှင့် ရုပ်ပိုင်းဆိုင်ရာ တိုက်ပွဲများသည် ကျောင်းများစွာတွင် ထပ်တလဲလဲပေါ်ပေါက်သည်။ သက်သေထွက်ဆိုချက်များမှ ဖော်ပြ သည်မှာ မကြာခဏ ဆိုသလိုပင် ဒိစတြိတ်သည် ထိုကဲ့သို့သော ပဋိပက္ခများကို တားဆီးရန်နှင့် ဖြေရှင်းရန် လုံလောက်သော လုပ်ဆောင်မှုများမရှိခြင်း၊ နှင့် ဘာသာ စကား၊ ဆက်သွယ်အသုံးပြုမှု အားနည်းချက် – တရားရေးဆိုင်ရာ အခွင့်အရေး – သည် အခြေအနေကို ပိုမိုဆိုးရွားစေသည်ဟု ဖြစ်သည်။ ကျွန်ုပ်တို့ ကြားခဲ့ရ သည်မှာ ဒိစတြိတ်မှ အားထားသည့် အလိုအလျောက် ကျောင်းမှ ထုတ်ပယ်သည့် ဆိုင်းငံ့ခြင်းဟူသော လုံးဝသည်းမခံသည့် ပေါ်လစီသည် အုပ်စုအချင်းချင်း၊ တင်းမာမှုများကို မလျော့ပါးစေနိုင်သည့် သက်သေအထောက်အထားများရှိသည် ဟူ၍ ဖြစ်သည်။ စည်းကမ်းချက်များကို ပြဋ္ဌာန်းသည့် အခါတိုင်းတွင် ထို စည်းကမ်းချက်သည် အပြုသဘောဆောင်ပြီး၊ အပြုအမူနှင့် အချိုးညီကာ ဒဏ်စတ်မှုတစ်ခုတည်းသာ မဖြစ်စေရန် ဒိစတြိတ်အနေဖြင့် သေချာစေရမည်။ အကျိုး သက်ရောက်မှုရှိပြီး၊ မှန်ကန်တည့်မတ်သော နည်းဗျူဟာများဖြစ်သည့် အချင်းချင်းညှိနှိုင်း၊ ဖျန်ဖြေပေးခြင်း။ မှန်ကန်သော အပြုအမူ ဆိုင်ရာ အထောက်အပံ့နှင့် အားသစ်ဖြည့်ပေးသော တရားမျှတမှုတို့ကို အသုံးချရာနှင့် အကောင်အထည်ဖော်ရာတွင် အားနည်းမှုရှိကြောင်း၊ ကျွန်ုပ်တို့ ကြားရသည်။

သို့သော် ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းရန် အထောက်အကူပေးသော အရွယ်ရောက်သူများ၏အကူအညီဖြင့် ကျောင်းသားများသည် အပြုသဘော ဆောင်ပြီး၊ အင်တိုက်အားတိုက်တက်ကြွသော ကြိုးပမ်းအားထုတ်မှုများတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု ကျောင်းသားများမှလည်း၊ ဖော်ထုတ်ခဲ့သည်။ ပညာသင် ကြားပေးသူများနှင့် ဝန်ထမ်းများသည် ကျောင်းများတွင် ကွာဟချက်များကို ကျော်ခြင်းနှင့် လေးစားဖွယ်ကောင်းသော အပြုအမူ စံနမူနာကို တည်ဆောက် ရန် တက်ကြွစွာကြိုးစားကြကြောင်းကို ကျွန်ုပ်တို့ကြားခဲ့ရသည်။ ကွဲပြားခြားနားသော နောက်ခံမျိုးစုံမှ လူငယ်များကို တူညီသော စိတ်ဝင်စားမှုအမြင်များမှ တဆင့် တစ်ဦးနှင့်တစ်ဦး၊ ဆက်နွယ်မှုရှိစေရန် စွင့်ပြုသော အစုအဖွဲ့အခြေပြုအစီအစဉ်များ၏ နမူနာပုံစံများကို ကျွန်ုပ်တို့မြင်တွေ့ခဲ့သည်။

ထိုကဲ့သို့သော အပြုသဘောဆောင်သည့် အားထုတ်ကြိုးပမ်းမှုများရှိသော်လည်း၊ မဖြေရှင်းနိုင်သေးသည့် အုပ်စုအချင်းချင်း၏ပဋိပက္ခများသည် ကျယ်ပြန့်စွာ ရှိနေဆဲဖြစ်သည်။ သို့သော် ဤအစီရင်ခံစာနှင့် ၎င်းတွင်ပါဝင်သော အကြံပေးချက်များသည် ဒိစတြိတ်အား အုပ်စုအချင်းချင်း၏ပဋိပက္ခများကို ဖြေရှင်းခြင်း၊ ခြေရာခံခြင်းနှင့် တားဆီးခြင်းတို့အား ခြင့်မားသောဦးစားပေးအဆင့်အနေဖြင့် ပြုလုပ်ရန် အားပေးသည့် အထောက်အကူတစ်ရပ် ဖြစ်လိမ့်မည်ဟု ကော်မရှင်မှ ပြင်းပြစွာ မျှော်လင့်သည်။ ဖီလာဒယ်ဖီးယားရှိ လူငယ်အမျိုးကွဲပေါင်းအားလုံးကို ပါဝင်ရန်ဟူသော ကျွန်ုပ်တို့၏ စိတ်ပူပန်ခြင်း၊ စက်ဝန်းကို ကျယ်ပြန့်စေရန် မြို့အတွင်းရှိ ကျောင်းများအနှံ့တွင် လေးစားမှုနှင့် သည်းခံခြင်း၊ အခြေအနေကို တည်ဆောက်သော ဒိစတြိတ်လုပ်ဆောင်ချက်သည် အရေးပါသည်။

## ရှာဖွေတွေ့ရှိချက်များ

**ရှာဖွေတွေ့ရှိချက် 1** အုပ်စုအချင်းချင်း၏ပဋိပက္ခများသည် ဖီလာဒယ်ဖီးယား အများပြည်သူကျောင်းများတွင် ကျယ်ပြန့်စွာဖြစ်ပွားသော ပြဿနာတစ်ရပ် ဖြစ်ပြီး၊ ကျောင်းသားစာသင်ကြားခြင်းကို ခွက်ဖက်မှုရှိသည်။

**ရှာဖွေတွေ့ရှိချက် 2** ဒိစတြိတ်ပေါ်လစီများသည် အုပ်စုအချင်းချင်း၏ပဋိပက္ခများကိုတားဆီးရန်နှင့် ဖြေရှင်းရန်အတွက် ရှင်းလင်းပြီး၊ တသမတ်တည်း၊ ဖြစ်သော မူဘောင်ကို ဖြည့်ဆည်းပေးရန် မအောင်မြင်ပါ။ ထို့အပြင် ထိုပေါ်လစီများကို တစ်ညီတစ်ညာတည်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ သို့မဟုတ် ရှင်းလင်းစွာ သိစေခြင်းများမရှိခဲ့ပါ။

**ရှာဖွေတွေ့ရှိချက် 3** ဒီစတြိတ်သည် လုံးဝသည်းမခံခြင်း စည်းကမ်းပေါ်လစီကို အားထားခဲ့သော်လည်း၊ ထိုပေါ်လစီသည် ကျောင်းသားများကို ကင်းကွာ စေပြီး၊ ကျောင်းအခြေအနေကို ဆိုးရွားစွာ သက်ရောက်မှုရှိစေသည်။ ဒီစတြိတ်သည် မှန်ကန်တည့်မတ်သည့် အပြုအမူ အထောက် အပံ့၊ အချင်းချင်းညှိနှိုင်းဖျန်ဖြေခြင်း၊ နှင့် အားသစ်ပြည့်သော တရားမျှတခြင်း၊ ဟူသည့် ကိုင်တွယ်ဖြေရှင်းနည်းများပါဝင်သော ပို၍ အပြုသဘော ဆောင်သည့် နည်းလမ်းများကို အပြည့်အဝ ရင်းနှီးတည်ဆောက်ခဲ့ခြင်း၊ မပြုခဲ့ပါ။

**ရှာဖွေတွေ့ရှိချက် 4** ဘာသာစကား၊ ဆက်သွယ်အသုံးပြုနိုင်မှုနှင့် ဆက်နွယ်သော တည်ဆဲပေါ်လစီများနှင့် အရင်းအမြစ်များသည် ကျယ်ပြန့်စွာ လူအများသိရှိခြင်းမရှိဘဲ ၎င်းတို့သည် ဘာသာစကား၊ ဆက်သွယ်အသုံးပြုခြင်း၊ ဝန်ဆောင်မှုကို တရားဥပဒေအရ ခံစားခွင့်ရှိသော ကျောင်းသားများနှင့် မိသားစုများအားလုံး၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အားနည်းသည်။

**ရှာဖွေတွေ့ရှိချက် 5** ကျောင်းသားများသည် အုပ်စုအချင်းချင်း၏ပဋိပက္ခများကို လျှော့ချရန်နှင့် အုပ်စုအချင်းချင်း သဟဇာတဖြစ်ခြင်းကို မြှင့်တင်ပေးရန် အပြောင်းအလဲအတွက် ကိုယ်စားလှယ်များဖြစ်သည်။

**ရှာဖွေတွေ့ရှိချက် 6** ပညာသင်ကြားပေးသူများနှင့် လူ့အဖွဲ့အစည်းအုပ်စုများသည် လူငယ်အုပ်စုကွဲပေါင်းများစွာအတွင်းတွင် ပေါင်းကူးဆက်သွယ်ပေးပြီး၊ အထောက်အပံ့ပေးသော ကျောင်းပတ်ဝန်းကျင်များကို ဖန်တီးပေးသည်။

**ရှာဖွေတွေ့ရှိချက် 7** မျက်မြင်သက်သေများသည် ဖီလာဒယ်ဖီးယားကျောင်းများရှိ အုပ်စုအချင်းချင်း၏ပဋိပက္ခများကို တားဆီးရန် ကိုင်တွယ် ဖြေရှင်းနည်းများ၏ လက်စံဖွယ်ကောင်းသော ဥပမာများကို ပေးသည်။

**ရှာဖွေတွေ့ရှိချက် 8** မျက်မြင်သက်သေများသည် ပဋိပက္ခများကို ဖြေရှင်းရန်နှင့် ဘက်လိုက်မှုရှိသော အနှောင့်အယှက်များကို ကိုင်တွယ်ရန်အတွက် အရေးကြီးသော အကြံပြု ချက်များကို ပေးခဲ့သည်။